လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)

အမှတ် (၁၂၄)၊ စတုတ္ထထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


## ဖုယွင် အထည်ချုပ်အလုပ်သမားများအား အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ သဘောထား ထုတ်ပြန်ချက် (၆ / ၂၀၁၈)

၁။ ယမန်နေ့ (၁၅၊ ၁၀၊ ၂၀၁၈) နံနက်ပိုင်းက ဒဂုန်ဆိပ်ကမ်းမြို့နယ် - ဖုယွင် အထည်ချုပ်စက်ရုံရှေ့ အများပြည်သူမြင်ကွင်းတွင် သပိတ်မှောက်အလုပ်သမားများအား စက်ရုံပိုင်ရှင်၏ လက်ပါးစေတစ်စုက ဥပဒေမဲ့ အကြမ်းဖက်ရိုက်နက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး၊ အလုပ်သမား (၂၀) ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ကြားသိရပါသည်။

၂။ ဖုယွင် အထည်ချုပ်စက်ရုံ အလုပ်သမားသပိတ်မှာ ရက် ၅၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး မတရားအလုပ်ထုတ်ခံရသည့် အလုပ်သမားများ အလုပ်ပြန်လည်ရရှိရေးအတွက် သပိတ်မှောက် တိုက်ပွဲဝင်နေကြခြင်း ဖြစ်သည်။

ဤမျှ ရက်ရှည်ကြာမြင့်သည့်တိုင် ထိရောက်စွာ ညှိနှိုင်းဖြေရှင်းမပေးနိုင်ခြင်းကပင် စက်ရုံပိုင်ရှင်အပါအဝင် အုပ်ချုပ်ရေးနှင့် အလုပ်သမားရေးရာတာဝန်ရှိသူများ၏ တာဝန်ယူမှုအားနည်းခြင်းကို ဖော်ပြလျက်ရှိသည့် သာဓက ဖြစ်သည်။

၃။ ယခုကဲ့သို့ စက်ရုံရှေ့ အများပြည်သူမြင်ကွင်းတွင် အမျိုးသမီးအလုပ်သမားများအား ဥပဒေမဲ့ နိုင့်ထက်စီးနင်းရိုက်နက်အန္တရာယ်ပြုခြင်းသည် တရားဥပဒေစိုးမိုးမှုကိုလည်းကောင်း၊ လူထုဘဝ လုံခြုံမှုကိုလည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုကိုလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုကိုလည်းကောင်း ပြောင်ကျကျ ဆန့်ကျင်ဖျက်ဆီးရာရောက်ပြီး အလုပ်သမားအခြေခံအခွင့်အရေးများ အပြီးတိုင် ဆိတ်သုဉ်းစေရန် လုပ်ကြံမှုအဖြစ် မိမိတို့ပါတီက ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချအပ်ပါသည်။

၄။ ဤရက်စက်ကြမ်းကြုတ်မှုအတွက် နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအားလုံးသည် အကြမ်းဖက်သူများနှင့် အကြမ်းဖက်မှုကို စီစဉ်ညွှန်ကြားသူတို့၏ တာဝန်သာလျှင် လုံးလုံးလျားလျားဖြစ်ကြောင်း မိမိတို့အနေဖြင့် အလေးအနက် ခံယူပါသည်။

၅။ သက်ဆိုင်ရာ တာဝန်ရှိအာဏာပိုင်များအနေဖြင့် ဖုယွင်အထည်ချုပ်စက်ရုံ သပိတ်မှောက်အလုပ်သမားများအပေါ် နိုင့်ထက်စီးနင်း ရိုက်နက်တိုက်ခိုက်သူများ၊ စီစဉ်ညွှန်ကြားသူများ အားလုံးအား တိကျစွာ ဖော်ထုတ်လျက် တရားဥပဒေအရ ထိရောက်စွာ အရေးယူပါရန်နှင့် ဤ မတရားအလုပ်ထုတ်ခံ အလုပ်သမားများ၏အရေးအား အမြန်ဆုံး ကြားဝင်ညှိနှိုင်း ဖြေရှင်းမှု ဆောင်ရွက်ပေးပါရန် မိမိတို့ပါတီက လေးနက်စွာ တိုက်တွန်းတောင်းဆိုအပ်ပါသည်။

ဗဟိုဦးဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်။